# တရားဝင်ဘာသာပြန်မဟုတ်

http://www.thaigov.go.th

သတင်းထုတ်ပြန်ချက် ၀၁/ ၀၁
(၁၉) ရက်၊ ဇန်နဝါရီ။ ၂၀၁၀ခုနှစ်

ယနေ့ (၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၉ရက်) မနက် ၉ နာရီ ၌ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အဘီဆစ် ဝိဂျာဂျီဝ ဥက္ကဋ္ဌအဖြစ်အမှူးပြုသော ဝန်ကြီးများအဖွဲ့ အစည်းအဝေးကို ဝန်ကြီးအဖွဲ့ အတွင်းရေးမှူးရုံး ဒုတိယအထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

**အစည်းအဝေးအစီအစဉ် – ၁၂ ၊** နိုင်ငံသားစီစစ်ရေးပြုမှု အချိန်ကာလတိုးမြှင့်ခြင်းနှင့် နိုင်ငံခြားသားအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း တည်ရှိနေမှုကို သက်ညှာခွင့် ပေးအပ်ခြင်း/နိုင်ငံခြားသား အလုပ်သမားများ စီမံခန့်ခွဲရေးကော်မတီ အတွက် ကော်မတီဝင်ထပ်မံတိုးချဲ့မှု ပြုလုပ်ရေး

**အစိုးရအဖွဲ့မှ အလုပ်သမားဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် အောက်ပါအချက်များကို သဘောတူလိုက်သည်။**

**(၁)** နိုင်ငံသားစီစစ်ရေးပြုမှု အချိန်ကာလတိုးမြှင့်ခြင်း နှင့် (၁၈) ရက် ဒီဇင်ဘာ ၂၀၀၈ ခုနှစ်၊ (၂၆) ရက် မေ ၂၀၀၉ခုနှစ်၊ (၂၈) ရက် ဇူလိုင် ၂၀၀၉ခုနှစ် နှင့် (၃)ရက် နိုဝင်ဘာ ၂၀၀၉ခုနှစ် များတွင် အစိုးရအဖွဲ့ ဆုံးဖြတ်ချက်များအရ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့သော်လည်း ၂၀၀၉ခုနှစ်အတွင်း အလုပ်လုပ်ခွင့် ခွင့်ပြုချက်လက်မှတ် ရရှိပြီးသား မြန်မာ၊ ကမ္ဘောဒီးယား နှင့် လာအို နိုင်ငံခြားသား အလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း တည်ရှိနေမှုကို ယာယီ သက်ညှာခွင့် ပေးအပ်ရန်၊ စုစုပေါင်းအားဖြင့် ၁၃၁၀၆၉၀ တွင် မြန်မာ ၁၀၇၆၁၁၀၊ လာအို ၁၁၀၄၀၆ နှင့် ကမ္ဘောဒီးယား ၁၂၄၁၇၄ တို့ဖြစ်ကြသည်။ ဤအထဲမှ ၆၁၅၄၃ ဦးသည် အလုပ်လုပ်ကိုင်ခွင့်သက်တမ်း (၂၀)ရက် ဇန်နဝါရီ၂၀၀၉ခုနှစ် နှင့် ၁၂၄၉၁၄၇ ဦးတို့သည် (၂၈)ရက် ဖေဖော်ဝါရီလ ၂၀၀၉ တို့တွင် သက်တမ်းကုန်ဆုံးမည့်သူများဖြစ်ကြသည်။ ဤသက်တမ်းတိုးမှုကို အသက်ဝင်စေခြင်းအလို့ငှာ ဤအလုပ်သမားများသည် နိုင်ငံသားစီစစ်မှုပြုရေး လုပ်ငန်းစဉ်အတွင်းသို့ ပါဝင်လာမည် ဆိုသည့် ရည်မှန်းချက် ဆန္ဒရှိရမည်ဖြစ်ပြီး၊ ဤမှသာလျှင် ၂နှစ်ထက်မပိုသော ကာလအတွက် နေထိုင်ခွင့် ရှိမည်ဖြစ်ပြီး နေရပ်ရင်းသို့ ပြန်လည်ပို့ဆောင်ခြင်းမှ ဆိုင်းငံ့ထားမည်ဖြစ်သည်။ ဤ သက်ညှာခွင့် ကာလသည် (၂၈) ရက် ဖေဖော်ဝါရီလ ၂၀၁၂ ခုနှစ်တွင် အဆုံးသတ်မည်ဖြစ်သည်။ ဤအလုပ်သမားများသည် ၁၉၇၉ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေအခန်း ၅၄ နှင့် ကိုက်ညီရန် မလိုအပ်ပေ။ ဤအလုပ်သမားများသည် (၂၈)ရက် ဖေဖော်ဝါရီလ ၂၀၁၀ ခုနှစ်မတိုင်မီ နိုင်ငံသားစီစစ်ရေးပြုမှု ပုံစံကို ဖြည့်စွက်တင်သွင်း ရမည်ဖြစ်ပြီး နိုင်ငံသားစီစစ်မှုပြုရေးလုပ်ငန်းစဉ်သည် ပေးအပ်ထားသော အချိန်ကာလဖြစ်သည့် (၂၈)ရက် ဖေဖော်ဝါရီလ ၂၀၁၂ ခုနှစ်၌ အမှန်တကယ် ပြီးဆုံးရမည်ဖြစ်သည်။

**အစိုးရအဖွဲ့မှ အောက်ပါ အာဏာပိုင်များအား အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်ရန် တောင်းဆိုလိုက်သည်။**

**(က) <u>ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်လက်လုပ်ဆောင်ရမည်</u>**

(၁) ၁၉၇၉ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေ အခန်း(၁၇) ဥပဒေပြဌာန်းချက်ပါ လုပ်ပိုင်ခွင့်အရ ထိုင်းနိုင်ငံအတွင်း ဆက်လက် တည်ရှိနေခြင်း ကို သက်ညှာခွင့် ပေးအပ်ခြင်း ကြေငြာချက် ထုတ်ပြန်ရန်၊ (၁၈) ရက် ဒီဇင်ဘာ ၂၀၀၈ ခုနှစ်၊ (၂၆) ရက် မေ ၂၀၀၉ခုနှစ်၊ (၂၈) ရက် ဇူလိုင် ၂၀၀၉ခုနှစ် နှင့် (၃)ရက် နိုဝင်ဘာ ၂၀၀၉ခုနှစ် များတွင် အစိုးရအဖွဲ့ ဆုံးဖြတ်ချက်များအရ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့သော်လည်း ၂၀၀၉ခုနှစ်အတွင်း အလုပ်လုပ်ခွင့် ခွင့်ပြုချက်လက်မှတ် ရရှိပြီး (၂၀)ရက် ဇန်နဝါရီ၂၀၀၉ခုနှစ် နှင့် (၂၈)ရက် ဖေဖော်ဝါရီလ ၂၀၀၉ တို့တွင် သက်တမ်းကုန်ဆုံးမည့် မြန်မာ၊ ကမ္ဘောဒီးယား နှင့် လာအို နိုင်ငံခြားသားအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း တည်ရှိနေမှုကို ယာယီ သက်ညှာခွင့် ပေးအပ်ခြင်းအား အစိုးရအဖွဲ့အနေဖြင့် သဘောတူသည်။ သို့ရာတွင် ဤသက်တမ်းတိုးမှုကို အသက်ဝင်စေခြင်းအလို့ငှာ အလုပ်သမားများသည် နိုင်ငံသားစီစစ်မှုပြုရေး လုပ်ငန်းစဉ်အတွင်းသို့ ပါဝင်လာမည်ဆိုသည့် ရည်မှန်းချက် ဆန္ဒရှိရမည်ဖြစ်ပြီး၊ ဤမှသာလျှင် ဖေဖော်ဝါရီလ ၂၀၁၂ခုနှစ် တွင် အဆုံးသတ်မည့် ၂နှစ်ထက်မပိုသော ကာလအတွက် နေထိုင်ခွင့် ရှိမည်ဖြစ်ပြီး နေရပ်ရင်းသို့ ပြန်လည်ပို့ဆောင်ခြင်းမှ ဆိုင်းငံ့ထားမည်ဖြစ်သည်။ ဤအလုပ်သမားများသည် ၁၉၇၉ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေအခန်း ၅၄ နှင့် ကိုက်ညီရန် မလိုအပ်ပေ။

(၂) လာအိုနှင့် ကမ္ဘောဒီးယား နိုင်ငံခြားသား အလုပ်သမားများအား နိုင်ငံကူးလက်မှတ်ထုတ်ပေးရာ နေရာများသို့ အထောက်အထားများအား အသုံးပြုခြင်းကိုလက်ခံကြောင်း အသိပေးစာထုတ်ပြန်ခြင်း၊ တဖန် မြန်မာနိုင်ငံသား အလုပ်သမားများအား မြန်မာနိုင်ငံသို့ နိုင်ငံသားစီစစ်မှုပြုရေး ပြန်လည် လုပ်ဆောင်ရန် ခရီးသွားလာခွင့် (ပြည်ထဲရေးဌာနမှ အသိပေးခွင့်ပြုသည့် အုပ်စုများသာ) ပြုသည့် အသိပေးစာများ ထုတ်ပြန်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာသည် ၁၉၇၉ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေ အခန်း(၁၇) ဥပဒေပြဌာန်းချက်ပါ

လုပ်ပိုင်ခွင့်အရ အသိပေးစာ ထုတ်ပေးရမည် ဖြစ်ပြီး ၁၉၇၉ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေ အခန်း(၁၂-၁)နှင့် အခန်း (၁၂-၃) တို့ကို အသုံးမပြုဘဲ စီစစ်ရေးအောင်မြင်ပြီး ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်နိုင်ခွင့်ရှိသူ (သို့မဟုတ်) ၂နှစ်ကြာကာလ တရားဝင်နေထိုင်ခွင့် ခွင့်ပြုချက် ရရှိထားသူ မြန်မာ၊ ကမ္ဘောဒီးယား နှင့် လာအို နိုင်ငံခြားသား အလုပ်သမားများအား ဥပဒေပြဌာန်းချက်ပါ လုပ်ပိုင်ခွင့်အရ အာဏာ ပိုင်ဆိုင်ခွင့်ပြုသည်။ ထိုနောက်ပိုင်း ဤအလုပ်သမားများသည် နောက်ထပ် ၂နှစ် ထိုင်းနိုင်ငံအတွင်းနေထိုင်ခွင့် လျှောက်ထားခြင်းကို ခွင့်ပြုမည်ဖြစ်သည်။

### (ခ) ခရိုင်အုပ်ချုပ်ရေးဌာနအနေဖြင့် အောပ်ဖော်ပြပါအတိုင်း ဆက်လက်လုပ်ဆောင်ရမည်

(၁) ခရိုင်အုပ်ချုပ်ရေးဌာနသည် ထိုင်းနိုင်ငံအတွင်း နေထိုင်ရန် သက်ညှာခွင့် ရရှိခဲ့ပြီး အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက် လက်မှတ် ရရှိထားသူ နိုင်ငံခြားသား အလုပ်သမားများအား သက်သေခံ အထောက်အထား လက်မှတ်များ ထုတ်ပေးရမည်။ လုပ်ပိုင်ခွင့် အာဏာသည် ၁၉၉၁ ခုနှစ် အစိုးရ မှတ်ပုံတင်ခြင်းဥပဒေ အခန်း(၅) နှင့် ၁၉၉၁ခုနှစ် အစိုးရ မှတ်ပုံတင်ခြင်းဥပဒေ (မွမ်းမံ) အခန်း (၈-၂) တို့အရ လုပ်ပိုင်ခွင့်ရှိစေရမည်။ ဌာနသည် ဤနိုင်ငံခြားသား အလုပ်သမားများအား သက်သေခံ အထောက်အထား ထုတ်ပေးရမည်ဖြစ်ပြီး "ထိုင်းနိုင်ငံသားမဟုတ်သော သက်သေခံကဒ်ပြား" တခု ထုတ်ပေးရမည်ဖြစ်သည်။

### (ဂ) လူထုကျန်းမာရေးဌာနအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်လက်လုပ်ဆောင်ရမည်

(၁) သက်တမ်းတိုးပေးထားသော ထိုင်းနိုင်ငံအတွင်း ယာယီ နေထိုင်ရန် သက်ညှာခွင့် ရရှိခဲ့သူ နိုင်ငံခြားသား အလုပ်သမား များအား ဆေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံ ထုတ်ပေးရမည်။ ဤနိုင်ငံခြားသား အလုပ်သမားများမှ **ကျန်းမာရေးဆေးစစ်ခ ၆၀၀ ဘတ်**နှင့် **ကျန်းမာရေးအာမခံငွေ ဘတ် ၁၃၀၀** တို့ကို ပေးဆောင်ရမည်။ ယခင်ရှိခဲ့ပြီးသော ခွင့်ပြုချက်အရ နိုင်ငံခြားသား အလုပ်သမား အနေဖြင့် ကျန်းမာရေးအာမခံ ရှိနေသေးသည့် အခြေအနေ၊ အလုပ်လုပ်ခွင့် လက်မှတ်သက်တမ်း မကုန်ဆုံးသေးခြင်း (သို့မဟုတ်) နိုင်ငံသားစီစစ်ရေး လုပ်ငန်းစဉ် ပြီးဆုံးသူစသဖြင့် ဤအခြေအနေတွင် ယခင်ရှိခဲ့ပြီးသော ခွင့်ပြုချက်အရ နိုင်ငံခြားသား အလုပ်သမားအနေဖြင့် ကျန်းမာရေးအာမခံ ရှိနေသေးပြီး ထပ်မံလုပ်ဆောင်ရန် မလိုအပ်သော အခြေအနေတို့ကြောင့် လူထုကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ထိုသူတို့အား နိုင်ငံခြားသား အလုပ်သမားများ ဆေးစစ်မှု ခံယူခြင်းမှ ကင်းလွတ်ခွင့် ပြုရမည်ဖြစ်သည်။

### (ဃ) အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်လက်လုပ်ဆောင်ရမည်

(၁) သက်တမ်းတိုးပေးထားသော ထိုင်းနိုင်ငံအတွင်းယာယီ နေထိုင်ရန် သက်ညှာခွင့် ရရှိခဲ့သူ နိုင်ငံခြားသား အလုပ်သမား များအား အလုပ်လုပ်ကိုင်ခွင့် ပြုရန် စဉ်းစားရမည်။ ဝန်ကြီးဌာန၏ ပြဌာန်းထားသော လုပ်ထုံးလုပ်နည်းများအရ ကျသင့်ငွေကို နိုင်ငံခြားသား အလုပ်သမားများသည် ပေးဆောင်ရမည်ဖြစ်ပြီး ခွင့်ပြုချက် တောင်းခံရမည်ဖြစ်သည်။ ထို့နောက် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော နိုင်ငံခြားသား အလုပ်သမားဥပဒေ ၂၀၀၈ ခုနှစ်အရ အလုပ်လုပ်ခွင့် သက်တမ်းကို **နှစ်စဉ်** ထုတ်ပေးရမည်။ ထို့အပြင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုထားခြင်းခံရသူ နိုင်ငံခြားသား အလုပ်သမားများ၏ အချက်အလက်များအား ခရိုင်အုပ်ချုပ်ရေးဌာနများသို့ ပေးပို့ရမည်ဖြစ်ပြီး ထိုဌာနမှ ၎င်းတို့၏တာဝန်နှင့် တာဝန်ယူမှု (ယခင်ကဲ့သို့ ခရိုင်အုပ်ချုပ်ရေးဌာနနှင့် အတူတကွ အလုပ်လုပ်ခွင့် ခွင့်ပြုချက် မထုတ်ပေးနိုင်သော နိုင်ငံခြားသား အလုပ်သမားဥပဒေ ၂၀၀၈ အရ) ကို ဆက်လက်ဆောင်ရွက် နိုင်မည်ဖြစ်သည်။

(၂) နိုင်ငံသားစီစစ်မှု ပြုပြီးသား နိုင်ငံခြားသား အလုပ်သမားများ၏ အလုပ်လုပ်ကိုင်ခွင့် တောင်းဆိုချက်ကို စဉ်းစားပေးရမည်။ နိုင်ငံခြားသား အလုပ်သမားများမှ ဖော်ပြထားသော သင့်တော်သည့် ကျသင့်ငွေ အချိုးအစားအလိုက် ပေးဆောင် ရမည်ဖြစ်ပြီး အလုပ်လုပ်ခွင့် ခွင့်ပြုချက်ကို တောင်းခံရမည် ဖြစ်သည်။ အချို့သော ယခင်ကာလ သက်ညှာခွင့် အရ အလုပ်လုပ်ခွင့် လက်မှတ်ရှိပြီး သက်တမ်း မကုန်သေးသော နိုင်ငံသားစီစစ်မှု ပြုပြီးသား နိုင်ငံခြားသား အလုပ်သမားများ၏ အလုပ်လုပ်ခွင့် တင်သွင်းငွေအား သက်တမ်းကာလ ကူးယှက်မှု မရှိစေရန်အတွက် ကင်းလွတ်ခွင့်ကို အလုပ်သမားဝန်ကြီးဌာနမှ စဉ်းစားပေးရမည်။

(၃) တယ်လီဗွီးရှင်း၊ ရေဒီယို နှင့် သတင်းစာများတွင် ထိုင်း-မြန်မာ၊ ထိုင်း-လာအို၊ ထိုင်း-ကမ္ဘောဒီးယား စသည့် ဘာသာ များဖြင့် နိုင်ငံသား စီစစ်ရေးပြုမှုကို ရွှေ့ပြောင်းအလုပ်သမား များနှင့် အလုပ်ရှင်များ ပိုမိုအာရုံစိုက် နားလည်မှု ရှိလာစေရန် အတွက် ဖြစ်နိုင်ခြေ ရှိသော လူထုဆက်ဆံရေး စနစ်များအား စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်။

### (င) နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်လက်လုပ်ဆောင်ရမည်

(၁) နိုင်ငံသားစီစစ်မှု ပြုပြီးသား မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံခြားသား အလုပ်သမားများ၏ ပြည်ဝင်ခွင့်ဗီဇာ(ဗီဇာ ပုံစံ (**non-immigrant LA**) ကို ထုတ်ပေးခွင့်နှင့် စစ်ဆေးစုံစမ်းခွင့်ကို လူဝင်မှုကြီးကြပ်ရေးဌာနအား လုပ်ပိုင်ခွင့် ပေးအပ်ရမည်။

(၂) မြန်မာအာဏာပိုင်များအား နိုင်ငံသားစီစစ်ရေးပြုမှု ဖောင်ပုံစံများအား စစ်ဆေးမှုကို မြန်ဆန်စေရန် စဉ်ဆက်မပြတ် တွန်းအား၊ ဖိအားပေးသွားရန်

(၃) ထိုင်းနိုင်ငံသို့လာရောက်၍ ယာယီနိုင်ငံကူး လက်မှတ်ထုတ်ပေးခြင်း (သို့မဟုတ်) ခိုင်လုံသော အထောက်အထား မှတ်တမ်း ထုတ်ပေးခြင်းဖြင့် တသီးပုဂ္ဂလများအား နိုင်ငံသားစီစစ်မှု ပြုရေး ပြီးမြောက်အောင်မြင်ရန် အတွက် မြန်မာ၊ လာအို၊

ကမ္ဘောဒီးယားတို့နှင့် ညှိနှိုင်း၊ ပေါင်းကူးဆောင်ရွက်သွားရန်။

**(စ)** စစ်ရုံးချုပ်များ၊ ကြည်းတပ်၊ ရေတပ်နှင့်၎င်းအား ကိုယ်စားပြုသော ဌာနအသီးသီးတို့အနေဖြင့် ပုံစံအမျိုးမျိုးဖြင့် တရားမဝင် အသစ်ဝင်လာရန် ကြိုးစားနေသူများအား တားဆီးရန်နှင့် အသစ်ဝင်လာသူများအား ပြန်လည်ပို့ဆောင်ခြင်းများကို နယ်မြေခံ အုပ်ချုပ်ရေးမှူးအဖွဲ့များနှင့် လက်တွဲကာ နိုင်ငံ၏လူမှုရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိအောင် ဥပဒေဘောင်အတွင်း တရားမဝင် ဝင်လာခြင်းကို တားဆီးသောအားဖြင့် ထိရောက်စွာဖြင့် လုပ်ဆောင်သွားရမည်။

**(ဆ)**တော်ဝင်ထိုင်းရဲရုံးချုပ်များနှင့် သက်ဆိုင်ရာဌာနများသည် နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူးလက်မှတ် မလုပ်ဆောင်၍ အလုပ်လုပ်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများ၊ ၎င်းတို့အား အလုပ်ခန့်ထားသော အလုပ်ရှင်များ၊ နေထိုင်ခွင့်ပေးထားသူများနှင့် တရားမဝင်သူများကို ခေါ်လာသော ပွဲစားများအား ဥပဒေနှင့်အညီ ထိရောက်စွာ ဖမ်းဆီး အပြစ်ပေး အရေးယူခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

**(ဇ)** လူဝင်မှုကြီးကြပ်ရေးဌာနမှ အောက်ပါအတိုင်းဆောင်ရွက်သွားရန်

(၁) ဗီဇာလျှောက်လွှာများကို လက်ခံရန်နှင့် နိုင်ငံသားစိစစ်ရေး ပြုလုပ်ပြီးသော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံတွင် ဆက်လက်နေထိုင် နိုင်ရန်အတွက် ဗီဇာထုတ်ပေးရမည်။ နိုင်ငံသားစိစစ်ပြီးသော မြန်မာ၊ ရွှေ့ပြောင်းအလုပ်သမားများအား တာခ့်ခရိုင်ရှိ မဲ့ဆောက်မြို့၊ ချင်းရိုင်ခရိုင်ရှိ မဲ့ဆိုင်မြို့ နှင့် ရနောင်းခရိုင် ရနောင်းမြို့များရှိ လူဝင်မှုကြီးကြပ်ရေးရုံးများမှ ဗီဇာလျှောက်လွှာလက်ခံရန်နှင့် ဗီဇာထုတ်ပေးရမည်။ ဗီဇာခမှာ လျှောက်လွှာ တစ်စောင်လျှင် **၅၀၀ ဘတ်** ဖြစ်သည်။

(၂) နိုင်ငံသားစိစစ်ရေး မပြုလုပ်လိုသော ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီး၍ မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိဌာနများအားလုံး ပူးပေါင်း၍ မဟာဗျူဟာ ချမှတ်ကာ ဆောင်ရွက်သွားရမည်။ နိုင်ငံသားစိစစ်ရေး မပြုလုပ်သောအလုပ်သမားများနှင့် တရားမဝင်နေထိုင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများအား ထိရောက်စွာ ဖမ်းဆီး၍ မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် ဆောင်ရွက်သွားရမည်။

**(ဈ)** နိုင်ငံတော် လုံခြုံရေးကောင်စီနှင့် သက်ဆိုင်ရာဌာနများမှ နိုင်ငံသားစိစစ်ရေး ပြုလုပ်ရာတွင် နိုင်ငံသားအဖြစ် အသိအမှတ်မပြုခြင်းခံရသော မြန်မာနှင့် ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများအတွက် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များကို ထည့်သွင်းစဉ်းစားသွားရမည်။

**(ည)** ဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက် ချသည့်နေ့မှစ၍ အောက်ပါလုပ်ဆောင်ချက်များကို ဝန်ကြီးများအဖွဲ့ အထွေထွေအတွင်းရေးမှူးရုံး၏ အတည်ပြုချက်ကို စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဆုံး ဆောင်ရွက်သွားရမည်။

(၁) နေထိုင်ခွင့်သက်တမ်းတိုးရန် အတွက်ကြေညာချက်ကို ပြည်ထဲရေးဌာနမှ ဤဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက် ချသည့်နေ့မှစ၍ အမြန်ဆုံး ထုတ်ပြန်ရမည်။ ဇန်နဝါရီလ ၂၀ ရက် ၂၀၁၀ခုနှစ်နှင့် ဖေဖော်ဝါရီလ ၂၈ ရက်၂၀၁၀ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် အလုပ်သမားများသည် နိုင်ငံသားစိစစ်ရေးအား လုပ်ဆောင်မည်ဟု ဂတိပြု အမည်ပေး စာရင်းသွင်းပေးမှသာ ဆက်လက်နေထိုင်ခွင့်ပြုရမည်။

(၂) အလုပ်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်းများကို အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။ သက်တမ်းတိုးရန် လျှောက်တင်လာသော ၂၀၀၉ ခုနှစ်တွင်မှတ်ပုံတင်ခဲ့ပြီး၊ ဇွန်ဝါရီလ ၂၀ ရက် ၂၀၁၀ခုနှစ်နှင့် ဖေဖော်ဝါရီလ ၂၈ ရက် ၂၀၁၀ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် အလုပ်လုပ်ခွင့် လက်မှတ်များသည် ဤဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ဖေဖော်ဝါရီလ၂၈ရက် ၂၀၁၀ခုနှစ်အတွင်း နိုင်ငံသားစိစစ်ရန်အတွက် လုပ်ဆောင်မည်ဟု အမည်ပေး စာရင်းသွင်းပါက၊ သက်တမ်းတိုးရန်အတွက်ဆောင်ရွက်ပေးရမည်။ သက်တမ်းတိုးရန်အတွက် စိစစ်နေချိန်အတွင်း အလုပ်သမားသည် ဆက်လက် အလုပ်လုပ်ပိုင်ခွင့်ရှိသည်။

(၃) ရွှေ့ပြောင်းအလုပ်သမားများအတွက် မှတ်တမ်းတင်ခြင်း ပြုလုပ်ရာတွင် ခရိုင်များ စီမံခန့်ခွဲရေးဌာနမှ တာဝန်ယူ၍ ကိုယ်ရေးမှတ်တမ်းတင်ခြင်း၊ ထိုင်းနိုင်ငံသား မဟုတ်သူများအတွက် ကတ်ပြားများ ထုတ်ပေးခြင်းကို အလုပ်အလုပ်ခွင့် မှတ်တမ်းများ ရရှိသည်မှစ၍ ပြီးဆုံးသည်အထိ အမြန်ဆုံး ဆောင်ရွက်ပေးသွားရမည်။

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးစစ်ခြင်းနှင့် ကျန်းမာရေးအာမခံ ပြုလုပ်ခြင်းများကို ၂၀၀၉ခုနှစ်တွင် အလုပ်သမား မှတ်ပုံတင်သူများအား အမြန်ဆုံးပြီးစီးနိုင်ရန်အတွက် ဤဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် လက်တွဲလုပ်ဆောင်နိုင်ရန် အမြန်ဆုံးလုပ်ဆောင်သွားရမည်။

(၅) စစ်ရုံးချုပ်များ၊ ကြည်းတပ်၊ ရေတပ်နှင့်၎င်းအားကိုယ်စားပြု ကော်မတီခွဲ အသီးသီးတို့အနေဖြင့် နည်းအမျိုးမျိုးဖြင့် တရားမဝင် ဝင်ရောက်လာရန် ကြိုးစားသူများအား တားဆီးကာကွယ်သွားရမည်။

(၆)နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူးလက်မှတ် မလုပ်ဆောင်၍ အလုပ်လုပ်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင် နေကြသော ရွှေ့ပြောင်းအလုပ်သမားများ၊ ၎င်းတို့အား အလုပ်ခန့်ထားသော အလုပ်ရှင်များနှင့် နေထိုင်ခွင့် ပေးထားသူများအား ထိရောက်စွာ ဖမ်းဆီး အပြစ်ပေး အရေးယူနိုင်ရန် အတွက် တော်ဝင်ထိုင်း ရဲရုံးချုပ်များ နှင့်သက်ဆိုင်ရာဌာနများ တာဝန်ယူဆောင်ရွက်ရမည်။

(၇) နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူးလက်မှတ် မလုပ်ဆောင်၍ အလုပ်လုပ်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင် နေကြသော ရွှေ့ပြောင်းအလုပ်သမားများကို လူဝင်မှုကြီးကြပ်ရေးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိဌာနများမှ ထိရောက်စွာ ဖမ်းဆီးအရေးယူခြင်းနှင့် မိမိနိုင်ငံ ပြန်လည်ပို့ဆောင်ခြင်း များကို ပြုလုပ်ရမည်။

(၈) အခြားစည်းကမ်းချက်များမှာ ။ နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့် သက်တမ်းတိုးခွင့် ရသော ရွှေ့ပြောင်းအလုပ်သမား များသည် သတ်မှတ်ထားသည့် အချိန်အတွင်း နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူး လက်မှတ်ကို လုပ်ဆောင်ရမည်။ အကယ်၍ သတ်မှတ်ချိန် ကျော်လွန်၍ နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူးလက်မှတ်ကို မလုပ်ဆောင်ပါက ထိုင်းနိုင်ငံတွင်း နေထိုင်ခွင့်မှာ ကုန်ဆုံးသွားမည် ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများမှ မိမိမူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည် ဖြစ်သည်။ အလုပ်လုပ်ခွင့် သက်တမ်းရှိသည့် အချိန်အတွင်း သက်ဆိုင်ရာမှ လိုအပ်သည့်အချိန်တွင် စစ်ဆေးနိုင်ရန် အတွက် အလုပ်ရှင်မှ မိမိတို့၏ အလုပ်သမားများအား ကြီးကြပ်စောင့်ရှောက်ရမည်။ သို့မဟုတ် အလုပ်သမားများ နေထိုင်နိုင်ရန် အတွက်နေထိုင်ခင်းကို စီစဉ်ပေးရမည်။ အလုပ်လုပ်ခွင့် ရရှိထားသော အလုပ်သမားများသည် အလုပ်ရှင် သေဆုံး၍သော်၎င်း၊ အလုပ်ရပ်နား ဖျက်သိမ်း၍သော်၎င်း၊ အလုပ်ရှင်မှ မတရားအနိုင်ကျင့်၍သော်၎င်း၊ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေး ဥပဒေများကို အလုပ်ရှင်မှ မလိုက်နာပါက စသည့် အချက်များမှလွဲ၍ အလုပ်ရှင် ပြောင်းရွှေ့ခွင့်မရှိရ။

(၂) နိုင်ငံခြားသားအလုပ်သမား ကြီးကြပ်စီမံခန့်ခွဲရေး ကော်မတီအဖွဲ့အား လိုအပ်သည့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် တိုးမြှင့်ဖွဲ့စည်းလိုက်သည်။ ခရိုင်များစီမံခန့်ခွဲရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်အား နိုင်ငံခြားသားအလုပ်သမား ကြီးကြပ်စီမံခန့်ခွဲရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခန့်ထားရန် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၏ ၂၀၀၁ခုနှစ်တွင် ထုတ်ပြန်သော ရွှေ့ပြောင်းအလုပ်သမားများ ကြီးကြပ်စီမံခန့်ခွဲရေး စည်းမျဉ်းအား ဖြည့်စွက်ပြင်ဆင်ရမည်။